ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

ရှေ့ပြေးလူဦးရေစာရင်း



ပြည်လုံးကျွတ်
သန်းခေါင်စာရင်း
၂၀၁၄

သန်းခေါင်စာရင်းထုတ်ပြန်ချက် အမှတ်(၁)

ပြည်သူ့အင်အားဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဩဂုတ်လ ၂၀၁၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

ရွေ့ပြောင်းလူဦးရေစာရင်း

သန်းခေါင်စာရင်းထုတ်ပြန်ချက် (အမှတ် ၁)

ပြည်သူ့အင်အားဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ရုံးအမှတ် (၄၈) နေပြည်တော်

ဖုန်း - ၉၅-၆၇-၄၃၁၀၆၂

www.dop.gov.mm

ပုံ (၁) - တိုင်းဒေသကြီး/ပြည်နယ်များကို ဖော်ပြထားသည့် မြန်မာနိုင်ငံမြေပုံ

ဥယျောဇဉ်

၂၀၁၄ခုနှစ်၊ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းအား ၂၀၁၄ခုနှစ်၊ မတ်လ(၂၉) ရက်နေ့မှ ဧပြီလ(၁၀)ရက်နေ့အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ သန်းခေါင်စာရင်း လုပ်ငန်းစဉ်ကြီး၏ ကြိုတင်ပြင်ဆင်ခြင်းအဆင့်နှင့် မြေပြင်ကွင်းဆင်း ကောက်ယူခြင်းအဆင့်တို့အား အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးနောက် ကနဦးအဆင့် ယခုကဲ့သို့ ရှေ့ပြေးလူဦးရေစာရင်း ထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံတော်၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှု-စီးပွားဘဝ ပြုပြင် ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် အမျိုးသားပြန်လည်ပေါင်းစည်း ညီညွတ်ရေးနှင့် လူမှု-စီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ကတိကဝတ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် ပြယုဂ်တစ်ခုပင် ဖြစ်ပေသည်။

ရှေ့ပြေးလူဦးရေစာရင်းနှင့် အဆင့်ဆင့် ဆက်လက်ထုတ်ပြန်သွားမည့် ပင်မသန်းခေါင်စာရင်းဆိုင်ရာ ကိန်းဂဏာန်းအချက်အလက်များအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် ထိရောက်စွာ အသုံးပြုနိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းသည် ၂၀၁၃ ခုနှစ်သန်းခေါင်စာရင်းဥပဒေအမှတ်(၁၉)ကို အခြေခံခဲ့ခြင်း ဖြစ်ပါသည်။ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အချက်အလက်များကို စုဆောင်းခြင်း၊ စာရင်းဇယားပြုစုခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ စာရင်းဇယားထုတ်ပြန်ခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်ရန် ဥပဒေက အခွင့်အာဏာ အပ်နှင်းထားပြီးလည်း ဖြစ်ပါသည်။

သန်းခေါင်စာရင်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ အကူအညီများ ရရှိနိုင်စေရန် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB) အပါအဝင် သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း၍ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်နည်းပညာ အကူအညီဖြင့် ဆောင်ရွက်လိုသော ဆန္ဒများကြောင့် သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ လမ်းညွှန်ချက်၊ အကြံပြုချက်များအား တတ်နိုင်သမျှ တိကျစွာ လိုက်နာခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရလဒ်များကို အဆင့်ဆင့် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။ ယခုထုတ်ပြန်မည့် ရှေ့ပြေးလူဦးရေစာရင်း အစီရင်ခံစာသည် ပထမဆုံးအဆင့် ထုတ်ပြန်သည့် အစီရင်ခံစာပင်ဖြစ်ပါသည်။ လူဦးရေနှင့် အိမ်ထောင်စုများ၏ လူမှုစီးပွားရေးဆိုင်ရာ အသေးစိတ် အချက်အလက်များ ပါဝင်သည့် ပင်မ

သန်းခေါင်စာရင်း အစီရင်ခံစာကို ၂၀၁၅ ခုနှစ်၊ မေလခန့်တွင် ထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတစ်ဝန်းမှ ရရှိလာသော မေးခွန်းများအား ပုံရိပ်ဖတ်စက်(OMR)မှ ဖတ်ယူပြီးနောက် ရရှိလာသော အချက်အလက်များကို ဆန်းစစ်လေ့လာ၍ ပင်မအစီရင်ခံစာ ထုတ်ပြန်နိုင်သည့် အဆင့်မှာ အချိန်ယူဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်၍ နိုင်ငံတော်စီမံကိန်းများနှင့် မူဝါဒများ ချမှတ်ရာတွင် လတ်တလော အထောက်အကူပြုနိုင်စေရန်အတွက် ယခုကဲ့သို့ ရွေ့ပြေးလူဦးရေ စာရင်းကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

စာရင်းဇယားများအရ ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉)ရက်နေ့ ညသန်းခေါင်ယံအချိန် (သန်းခေါင်စာရင်းရည်ညွှန်းချိန်) တွင် မြန်မာနိုင်ငံအတွင်း၌ရှိနေသော လူဦးရေစုစုပေါင်းမှာ (၅၁,၄၁၉,၄၂၀)ဦး ဖြစ်ကြောင်း ရွေ့ပြေးလူဦးရေစာရင်းတွင် ဖော်ပြထားပါသည်။ ပင်မအစီရင်ခံစာ ထုတ်ပြန်ပြီးစီးသည့်အချိန်အထိ ရွေ့ပြေးလူဦးရေကိန်းဂဏန်းများအဖြစ် အသုံးပြုသွားမည် ဖြစ်ပါသည်။ ပင်မအစီရင်ခံစာတွင် ထွက်ပေါ်လာမည့် သန်းခေါင်စာရင်းရလဒ် ကိန်းဂဏန်းများသည် ရွေ့ပြေးလူဦးရေစာရင်းနှင့် အနည်းငယ်မျှ ကွာခြားနိုင်ပါသည်။ ယင်းသို့ကွာခြားမှုသည် သန်းခေါင်စာရင်း ကောက်ယူမှုတိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စရပ်များပင် ဖြစ်သည်ဟု ဆိုရပါမည်။

သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်တွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) နှင့် အလှူရှင်နိုင်ငံများ ဖြစ်သည့် ဩစတြေးလျ၊ ဖင်လန်၊ ဂျာမဏီ၊ အီတလီ၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ဗြိတိန်နိုင်ငံတို့အား နိုင်ငံတော်အစိုးရကိုယ်စား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အလှူရှင်နိုင်ငံများက ငွေကြေးနှင့်နည်းပညာ အကူအညီများဖြစ်သော မြေပုံနည်းပညာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကူညီခြင်း၊ မေးခွန်းပုံစံများပုံနှိပ်ပေးခြင်း၊ စာရင်းစစ်၊ စာရင်းကောက်နှင့် သင်တန်းနည်းပြများအား သင်တန်းပေးခြင်း၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မေးခွန်းပုံစံများကို ပုံရိပ်ဖတ်ခြင်း စသည့် အကူအညီနှင့် အကြံဉာဏ်များသည် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူနိုင်ခဲ့ခြင်းအတွက် အရေးကြီးသည့် အထောက်အပံ့များ ဖြစ်ခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ်အပေါ် အစစအရာရာ လမ်းညွှန်ပြသခဲ့ပါသော နိုင်ငံတော်သမ္မတကြီး အမှူးပြုသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အားလည်းကောင်း၊ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် အဆင့်ဆင့်သော တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးမှ သန်းခေါင်စာရင်း ကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော နိုင်ငံတစ်ဝန်းမှ

ပညာရေးဝန်ထမ်းများ၊ သစ်တောဘက်ဆိုင်ရာ ဝန်ထမ်းများ အပါအဝင် စေတနာရှင်၊ လုပ်အားရှင် အားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

၎င်းအပြင် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း၏ မေးခွန်းများအား လိုလားနှစ်ခြိုက်စွာ ဖြေဆိုခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သား တိုင်းရင်းသား ညီအစ်ကိုများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နိုင်ငံတစ်ဝန်း ပြည်သူများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုကြောင့်သာလျှင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့သည်ဟု အစဉ်ထာဝရ ယုံကြည်စွဲမှတ်ထားပါကြောင်း ထပ်လောင်း ပြောကြားလိုပါသည်။

ဦးခင်ရီ
ပြည်ထောင်စုဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မာတိကာ

ဥယျောဇဉ် iii
မာတိကာ vi
ဇယားများ vii
မြေပုံနှင့်ဂရပ်များ vii
အခန်း (၁) နိဒါန်း ၁
၁.၁ မြန်မာနိုင်ငံတွင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ ၁
၁.၂ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ၂
၁.၂.၁ ဥပဒေနှင့် အုပ်ချုပ်မှု ၂
၁.၂.၂ စာရင်းကောက်ကွက် မြေပုံများရေးဆွဲခြင်း ၄
၁.၂.၃ သန်းခေါင်စာရင်း မေးခွန်းပုံစံများ ၄
၁.၂.၄ လူထုအသိပညာပေးခြင်းနှင့် ပြည်သူလူထုမှပူးပေါင်းပါဝင်စေရန် ဆောင်ရွက်ခြင်း ၅
၁.၂.၅ သန်းခေါင်စာရင်းကောက်ယူခြင်း ၆
၁.၂.၆ ရှေ့ပြေးလူဦးရေစာရင်း ၇
၁.၂.၇ လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့ ၇
၁.၃ အဓိကအခက်အခဲများ ၈
၁.၃.၁ ဒေသအချို့တွင် စာရင်းမကောက်ယူနိုင်ခဲ့ခြင်း ၈
၁.၃.၂ ထိရှလွယ်သည့် မေးခွန်းများ ၉
အခန်း(၂) ရှေ့ပြေးလူဦးရေစာရင်း ၁၀
၂.၁ လူဦးရေအရွယ်အစား ၁၀
၂.၂ ရှေ့ပြေးခန့်မှန်းလူဦးရေစာရင်း ၁၂
၂.၃ မြို့ပြ/ကျေးလက်၊ မြို့တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် မြို့ကြီးများ၏ လူဦးရေ ၁၄
၂.၄ လူဦးရေသိပ်သည်းဆ ၁၇
၂.၅ အိမ်ထောင်စု အရေအတွက်နှင့် အရွယ်အစား ၁၉
၂.၆ စာရင်းမကောက်ယူနိုင်ခဲ့သည့် လူဦးရေကို ခန့်မှန်းခြင်း ၂၀
၂.၆.၁ ရခိုင်ပြည်နယ် ၂၁
၂.၆.၂ ကချင်ပြည်နယ် ၂၁
၂.၆.၃ ကရင်ပြည်နယ် ၂၂
၂.၇ နိဂုံး ၂၂
နောက်ဆက်တွဲ ၂၄

ဇယားများ

ဇယား(၁)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု ၁၁
ဇယား(၂)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မအလိုက် လူဦးရေပျံ့နှံ့မှု..... ၁၃
ဇယား(၃)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့ပြ/ကျေးလက်အလိုက် ကျား/မ၊ လူဦးရေပျံ့နှံ့မှု..... ၁၅
ဇယား(၄)။ မြို့တော်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်မြို့ကြီးများ၏ အိမ်ထောင်စုနှင့်လူဦးရေ..... ၁၇
ဇယား(၅)။ ကျား/မ နှင့် မြို့ပြ/ကျေးလက်အလိုက် ကောက်ယူရရှိသည့်လူဦးရေ..... ၂၄
ဇယား(၆)။ မြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ..... ၂၉

မြေပုံနှင့်ဂရပ်များ

ပုံ (၁)။ တိုင်းဒေသကြီး/ပြည်နယ်များကို ဖော်ပြထားသည့် မြန်မာနိုင်ငံမြေပုံ ii
ပုံ (၂)။ မြန်မာနိုင်ငံ၏ လူဦးရေအရွယ်အစား (၁၈၇၂ - ၂၀၁၄ သန်းခေါင်စာရင်း)..... ၁၂
ပုံ (၃)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မ လူဦးရေအချိုး..... ၁၄
ပုံ (၄)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့ပြလူဦးရေအချိုး ၁၆
ပုံ (၅)။ လူဦးရေသိပ်သည်းဆကို ဖော်ပြသည့်မြေပုံ ၁၈
ပုံ (၆)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား..... ၂၀

အခန်း (၁)

နိဒါန်း

၁.၁ မြန်မာနိုင်ငံတွင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၄ ခုနှစ်၊ မတ်လနှင့် ဧပြီလတို့တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူပြီးနောက် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို သန်းခေါင်စာရင်းများကသာ ရရှိလေ့ရှိပါသည်။ အဆိုပါ အချက်အလက်များသည် သတ်မှတ်ချိန်အတွင်းရှိ လူဦးရေနှင့်အိမ်ထောင်စုများ၏ အရွယ်အစား၊ ပျံ့နှံ့မှု၊ လူမှုစီးပွားရေးဆိုင်ရာ သွင်ပြင်လက္ခဏာများ၏ လက်ရှိဖြစ်ပေါ်နေမှုနှင့် ပြောင်းလဲမှုများကို သတ်မှတ်ဆုံးဖြတ်ရန် အလွန်အသုံးဝင်ပါသည်။ လက်ရှိမြန်မာနိုင်ငံအနေအထားအရ ယုံကြည် အားထားရပြီး တိကျ၍ အချိန်နှင့် တစ်ပြေးညီဖြစ်နေသည့် အချက်အလက်များသည် ထိရောက်သော ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲခြင်း၊ အထောက်အထားပေါ်အခြေခံ၍ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းလုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ သုတေသနလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ထို့ကြောင့်ပြောင်းလဲမှုများကို ဆန်းစစ်လေ့လာရာတွင် အသုံးပြုရမည့် အချက်အလက်များသည် တိကျမှန်ကန်မှုရှိစေရန်နှင့် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီစေရန် အရေးကြီးပါသည်။

မြန်မာနိုင်ငံတွင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ၏သမိုင်းကို ပြန်လည်လေ့လာလျှင် ပထမဆုံးသန်းခေါင်စာရင်းကို ဘီစီ (၅၀၀) ခန့်က တကောင်းဘုရင်မင်းဆက်၊ သတိုးသီဟမဟာဓမ္မရာဇာဘုရင် လက်ထက်တွင် စတင်ကောက်ယူခဲ့ကြောင်း အထောက်အထားများအရ သိရှိရပါသည်။ ပြိတိသျှအုပ်ချုပ်မှုအောက်တွင် ပထမဆုံး လူဦးရေသန်းခေါင်စာရင်းကို မြန်မာနိုင်ငံအောက်ပိုင်းတွင် အိန္ဒိယသန်းခေါင်စာရင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၁၈၇၂ ခုနှစ်၌ ကောက်ယူခဲ့ပါသည်။ ထို့နောက် ၁၈၈၁ ခုနှစ်မှစတင်၍ ဆယ်နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းများ ပုံမှန်ကောက်ယူခဲ့ပါသည်။ ၁၈၉၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ဆယ်နှစ်လျှင်တစ်ကြိမ် ကောက်ယူခဲ့သည့် သန်းခေါင်

စာရင်းများသည် မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံအောင် ကောက်ယူနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၇၃ ခုနှစ်တွင်တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင်တစ်ကြိမ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းများ ကောက်ယူခဲ့ပါသည်။ အဆိုပါသန်းခေါင်စာရင်းများ ကောက်ယူရာတွင် လွှမ်းခြုံနိုင်မှုနှင့်ပတ်သက်၍ အခက်အခဲများ၊ စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရပါသည်။ ၁၉၈၃ ခုနှစ် နောက်ပိုင်းတွင် သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည့်အတွက် တိကျမှန်ကန်ပြီး အချိန်နှင့် တစ်ပြေးညီဖြစ်သော သန်းခေါင်စာရင်း အချက်အလက်များ မရရှိသည်မှာ နှစ်ပေါင်း (၃၀) ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရမှ မြန်မာပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များအား ဆန်းစစ် လေ့လာရန်အတွက် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ဦးစားပေး လိုအပ်ချက်တစ်ရပ်အနေဖြင့် ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင် ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ အမျိုးသားပေါင်းစည်းညီညွတ်ရေး လုပ်ငန်းစဉ်များအတွက် အစီအစဉ်များ ချမှတ်ရာတွင် လူဦးရေအရွယ်အစား၊ ပျံ့နှံ့မှုနှင့် သွင်ပြင်လက္ခဏာများကို သိရှိရန် နိုင်ငံတော်အစိုးရမှ အလေးထားဆောင်ရွက်ခဲ့ပါသည်။

၁.၂ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

၁.၂.၁ ဥပဒေနှင့် အုပ်ချုပ်မှု

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေအမှတ် (၁၉) အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေတွင် မြန်မာနိုင်ငံ အစိုးရကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံတော်၏ လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက် များကို တိကျမှန်ကန်စွာရရှိရေး ဆောင်ရွက်ရန် အာဏာအပ်နှင်းထားပါသည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကောက်ယူရန် တာဝန်ရှိကြောင်းကိုလည်း ဥပဒေတွင် ဖော်ပြပါရှိပါသည်။ ထို့အပြင် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် ဖြေဆိုသူများ၏

တစ်ဦးချင်းကိုယ်ရေးအချက်အလက်များ မပေါက်ကြားစေရေးအတွက် ဖြေဆိုသူများအား အကာအကွယ်ပေးရန် ဥပဒေပုဒ်မများ ပါရှိပါသည်။

သန်းခေါင်စာရင်းဥပဒေတွင် အစိုးရအဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ သန်းခေါင်စာရင်းကောက်ယူရန်၊ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသော နေရာဒေသများအတွက် ကောက်ယူနိုင်မည့် နည်းလမ်းများကို လေ့လာသုံးသပ်၍ အသင့်လျော်ဆုံး နည်းဖြင့် ကောက်ယူရန် ပါရှိပါသည်။

အစိုးရအဖွဲ့သည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းနိုင်ကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) သန်းခေါင်စာရင်း ကောက်ယူရန် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းထုတ်ပြန်ခြင်းတို့ပါဝင်သော သန်းခေါင်စာရင်း လုပ်ငန်းစဉ် တစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရန် အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ဦးဆောင်မှုပေးခြင်း၊

(ခ) သန်းခေါင်စာရင်း ကောက်ယူရေးအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းက တင်ပြသည့် အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို အတည်ပြုခြင်း၊

(ဂ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဗဟိုသန်းခေါင်စာရင်းကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(င) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အောင်မြင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီကို နိုင်ငံတော်အဆင့်တွင် ဖွဲ့စည်းခဲ့ပြီး သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်ကို

လည်း သက်ဆိုင်ရာအုပ်ချုပ်မှုနယ်မြေဒေသအလိုက် ဖွဲ့စည်းခဲ့ပါသည်။ သန်းခေါင်စာရင်း ကော်မတီ အဆင့်ဆင့်မှ ကော်မတီဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများသည် သန်းခေါင်စာရင်းစီမံချက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။

၁.၂.၂ စာရင်းကောက်ကွက် မြေပုံများရေးဆွဲခြင်း

သန်းခေါင်စာရင်း ကောက်ယူနိုင်ရန်အတွက် စာရင်းကောက်ကွက်မြေပုံများ ရေးဆွဲခြင်း လုပ်ငန်းအား ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ကောက်ကွက်မြေပုံများရေးဆွဲရန် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အရာရှိများအား သန်းခေါင် စာရင်း ရည်ရွယ်ချက်များ၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် မြေပုံများ၏အခန်းကဏ္ဍ၊ ထင်ရှားသော အမှတ်အသားများ အပါအဝင် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် မြေပုံများ ရေးဆွဲခြင်း သင်တန်းများ ပေးခဲ့ပါသည်။ တစ်နိုင်ငံလုံးအတွက် မြေပုံများ ဆက်စပ်ရရှိပြီးနောက် မြို့နယ်ပေါင်း (၃၃၀)အတွက် မြေပုံများကို ပုံနှိပ်၍ သက်ဆိုင်ရာ နယ်မြေရုံးအသီးသီးသို့ ဖြန့်ဝေခဲ့ပါသည်။ တစ်နိုင်ငံလုံးလွှမ်းခြုံလျက် ခန့်မှန်းခြေအားဖြင့် စာရင်းကောက်ကွက်စုစုပေါင်း (၈၁,၇၀၀) ခန့် ရှိပါသည်။

၁.၂.၃ သန်းခေါင်စာရင်း မေးခွန်းပုံစံများ

သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် အခြားလက်စွဲစာစောင်များ စတင်ပြုစုခြင်းလုပ်ငန်းအား ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မေးခွန်းပုံစံပြုစုရာတွင် ယခင် မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်မှုအရ နိုင်ငံတော်၏ လက်ရှိလိုအပ်နေသည့် အချက်အလက်များ၊ ကုလသမဂ္ဂ၏ ၂၀၁၀ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုဆိုင်ရာ မူ၊ အကြံပြုချက်စာစောင်နှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ကို အခြေခံ၍ ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

အိမ်ထောင်စုမေးခွန်းပုံစံသည် သန်းခေါင်စာရင်းညတွင် အိမ်တိုင်း၌ရှိသည့် လူဦးရေကို သိရှိ နိုင်ရန်နှင့် ဖြေဆိုသူတစ်ဦးချင်းစီ၏ လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို စုစည်း

ကောက်ယူနိုင်ရန် ပြုစုထားပါသည်။ အိမ်အခြေအနေနှင့် အိမ်ထောင်စုဆိုင်ရာ အချက်အလက်များလည်း ပါဝင်ပါသည်။ ထို့အပြင် ပြည်ပတွင်ရောက်ရှိနေသော အိမ်ထောင်စုဝင်များနှင့် စာရင်းမကောက်ယူမီ (၁၂) လအတွင်း သေဆုံးခဲ့သည့် အိမ်ထောင်စုဝင်တို့နှင့် သက်ဆိုင်သည့် မေးခွန်းများလည်း ပါဝင်ပါသည်။

အဖွဲ့အစည်းမေးခွန်းတွင် အိမ်ထောင်စုမေးခွန်းမှ မေးခွန်း (၁၁) ချက်သာပါဝင်ပြီး ဆေးရုံ၊ အဆောင်၊ အကျဉ်းထောင်၊ ဘုန်းကြီးကျောင်းနှင့် ကျောင်းစသည်တို့တွင် နေထိုင်သူများ၊ အိမ်ခြေရာခြေမဲ့များ၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် လှေဆိပ်ရေဆိပ်တို့၌ရှိနေသူများ အပါအဝင် အဖွဲ့အစည်း ပုံစံဖြင့် နေထိုင်သူများကို ကောက်ယူရန် အသုံးပြုပါသည်။

၁.၂.၄ လူထုအသိပညာပေးခြင်းနှင့် ပြည်သူလူထုမှပူးပေါင်းပါဝင်စေရန် ဆောင်ရွက်ခြင်း

လူထုမှ သန်းခေါင်စာရင်းအကြောင်းကို နားလည်သဘောပေါက်လာစေရန် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံကို အသုံးပြု၍ လူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ အစိုးရနှင့် ပုဂ္ဂလိကပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ အားလုံးနီးပါးမှ သန်းခေါင်စာရင်းသတင်းများ၊ ကြော်ငြာများအား ထုတ်လွှင့်ပြသခဲ့ပါသည်။ သန်းခေါင်စာရင်းအကြောင်း အဖွဲ့လိုက်ဆွေးနွေးမှုများ၊ ကြေညာချက်များနှင့် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်များအား ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များ၊ လူမျိုးစုများနှင့် လူထုခေါင်းဆောင်များအကြား သန်းခေါင်စာရင်းအကြောင်း နားလည်သဘောပေါက်လာစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၊ လူမျိုးစုကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ သန်းခေါင်စာရင်း၏အရေးပါမှု၊ သန်းခေါင်စာရင်းကောက်ယူရာတွင် အဆိုပါအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ရန် လိုအပ်မှုတို့ကို အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ပြည်သူအများစု၏ ထောက်ခံအားပေးမှုကို ရရှိခဲ့ရုံမက ‘၀’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကဲ့သို့ နှစ်ပေါင်းများစွာ သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည့် ဒေသကပင် သန်းခေါင်စာရင်းလုပ်ငန်းတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ‘၀’ ဒေသ ခေါင်းဆောင်များ၏အားပေးကူညီ စီမံခန့်ခွဲမှုဖြင့် ‘၀’ဒေသအား အောင်မြင်စွာ သန်းခေါင်စာရင်းကောက်ယူနိုင်ခဲ့ပါသည်။

၁.၂.၅ သန်းခေါင်စာရင်းကောက်ယူခြင်း

သန်းခေါင်စာရင်းကောက်ယူမည့် စာရင်းစစ်၊ စာရင်းကောက်များအား ၂၀၁၄ ခုနှစ်၊ မတ်လ (၂၇) ရက်နှင့် (၂၈) ရက်နေ့တို့တွင် ၎င်းတို့၏သက်ဆိုင်ရာ စာရင်းကောက်ကွက်အသီးသီးသို့ ရောက်ရှိစေရန် ညွှန်ကြားခဲ့ပါသည်။ သန်းခေါင်စာရင်းမကောက်မီ (၂) ရက်အလိုတွင် စာရင်းကောက်ကွက်နယ်နိမိတ်များကို ကြည့်ရှုခြင်း၊ စာရင်းကောက်ကွက်အတွင်းရှိ အဆောက်အအုံနှင့် အိမ်ထောင်စုများအား တိုက်ဆိုင်စစ်ဆေးခြင်း၊ လိုအပ်ပါက အဆောက်အအုံစာရင်း (ဆ-၀၂) အား လက်ရှိ အခြေအနေနှင့်ကိုက်ညီရန် ပြင်ဆင်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ည သန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှိနေသူအားလုံးကို စာရင်းကောက်ယူရန် ဖြစ်ပါသည်။ ထိုသို့စာရင်းကောက်ယူရာတွင် ဟိုတယ်၊ တည်းခိုခန်း၊ ဆေးရုံ၊ ရဲစခန်းနှင့်အကျဉ်းထောင်စသည့် အဖွဲ့အစည်းများရှိ လူဦးရေအား သန်းခေါင်စာရင်းညတွင် စာရင်းကောက်ယူနိုင်ရန် မြို့နယ်သန်းခေါင်စာရင်းအရာရှိများမှ ကြိုတင်စီမံမှုများ ပြုလုပ်ခဲ့ကြရပါသည်။ ပြည်ပသံရုံးများတွင် တာဝန်ထမ်းဆောင်နေကြသည့် မြန်မာနိုင်ငံသားများအပါအဝင် ၎င်းတို့နှင့်အတူ လိုက်ပါနေထိုင်သည့် မိသားစုဝင်များအားလုံးကိုလည်း သန်းခေါင်စာရင်း ကောက်ယူခဲ့ပါသည်။ အဆိုပါသံရုံးမိသားစုများ၏ လူဦးရေမှာ (၁,၀၀၀) အောက်သာရှိပြီး နေပြည်တော်တွင် ထည့်သွင်းဖော်ပြထားပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အားလုံးနီးပါးတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းအား သတ်မှတ်ထားသည့် (၁၂) ရက်တာ ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

သို့သော် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်မှ KIA အဖွဲ့အစည်း လှုပ်ရှားရာနယ်မြေ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူရန် အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ အချို့ကျေးရွာများတွင်လည်း မေးခွန်းပုံစံဖြင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အဆိုပါဒေသများ၏ အသေးစိတ် အချက်အလက်များအား ဤအစီရင်ခံစာပါ စာရင်းမကောက်ယူနိုင်ခဲ့သည့် ဒေသများအတွက် လူဦးရေခန့်မှန်းခြင်းအပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

ကချင်ပြည်နယ်ပူတာအိုခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းနှင့် ရှမ်းပြည်နယ်၊ မိုင်းလားဒေသတို့တွင် ရာသီဥတုဆိုးဝါးမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ဒေသခေါင်းဆောင်

များ၏ ညှိနှိုင်းတောင်းဆိုမှုများကြောင့် ၂၀၁၄ ခုနှစ်၊ မတ်လပထမအပတ်မှ စတင်၍ စာရင်းကောက်ယူခြင်းလုပ်ငန်းကိုစတင်ခဲ့ပါသည်။ '၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် သင်တန်းပေးခြင်းကို စောစီးစွာ ပြုလုပ်ခဲ့သော်လည်း စာရင်းကောက်လုပ်ငန်းအား အခြားဒေသများနှင့် တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ပါသည်။

၁.၂.၆ ရှေ့ပြေးလူဦးရေစာရင်း

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူချိန်တွင် စာရင်းကောက်များမှ ဖြည့်သွင်းပြီး မှန်ကန်မှု ရှိစေရန် စာရင်းစစ်များမှ ပြန်လည်စစ်ဆေးထားသည့် ကောက်ကွက်စာရင်းချုပ်ပုံစံ (ခ-၂၂) များကို အသုံးပြု၍ ရှေ့ပြေးလူဦးရေစာရင်းများကို တွက်ချက်ခဲ့ပါသည်။ ကောက်ကွက် စာရင်းချုပ်ပုံစံ (ခ-၂၂) တွင် သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ အိမ်ထောင်စု၊ အဖွဲ့အစည်းများတွင်ရှိနေသည့် ကျား/မ အလိုက် လူဦးရေအရေအတွက် ပါရှိပါသည်။ (ခ-၂၂) ပုံစံစာရွက်များသည် စာရင်းကောက်ကွက် တစ်ကွက်လျှင် တစ်ရွက်စီ ဖြည့်သွင်းထားခြင်းဖြစ်ပြီး စာရင်းကောက်ကွက်အလိုက် မေးခွန်းပုံစံများနှင့်အတူ ပြန်လည်အပ်နှံရပါသည်။ နေပြည်တော်ရှိ ပြည်သူ့အင်အားဦးစီးဌာနတွင် (ခ-၂၂) ပုံစံများမှ အချက်အလက်များအား MS Access database ကိုအသုံးပြု၍ အချက်အလက်များ ရေးသွင်းပြီး ဆန်းစစ်လေ့လာခဲ့ပါသည်။ ရှေ့ပြေးလူဦးရေစာရင်းတွင် ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများ၌ တာဝန်ထမ်းဆောင်နေသည့်သူများမှလွဲ၍ မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေထိုင်သူများ၏ အချက်အလက်များ ပါဝင်မည်မဟုတ်ပါ။

၁.၂.၇ လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့

ပြည်တွင်း/ပြည်ပမှ လွတ်လပ်သော သန်းခေါင်စာရင်း စောင့်ကြည့်လေ့လာသူများ ပါဝင်သည့် မစ်ရှင်အဖွဲ့တစ်ဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ သွားရောက်၍ သန်းခေါင်စာရင်းကောက်ယူမှုများကို လေ့လာခဲ့ပါသည်။ အဆိုပါအဖွဲ့အား မြန်မာနိုင်ငံအစိုးရမှ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူနေမှုကို အရှိအတိုင်းလေ့လာနိုင်ရန်နှင့် နိုင်ငံတကာစံနှုန်းများ၊ ပြည်တွင်းဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိလေ့လာရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါသည်။ အသေးစိတ် ရည်ရွယ်ချက်များမှာ (၁) သန်းခေါင်စာရင်းလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်စိတ်ချရမှုကို တိုးမြင့်လာစေရန်၊ (၂) သန်းခေါင်စာရင်းကောက်ယူနေစဉ်အတွင်း လုပ်ငန်းများ တိုးတက်မှုရှိရန်နှင့် လျင်မြန်စွာ

ဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန်အတွက် ပြည်သူ့အင်အားဦးစီးဌာနသို့ သတင်းအချက်အလက်များ ပံ့မှန်ပေးပို့ရန်နှင့် (၃) အနာဂတ်တွင် ဆောင်ရွက်မည့် သန်းခေါင်စာရင်းများအတွက် အထောက်အကူ ဖြစ်စေမည့် အတွေ့အကြုံများနှင့် ကောင်းမွန်သော အလေ့အထများကို မှတ်တမ်းတင်ထားရှိနိုင်ရန် တို့ဖြစ်ပါသည်။

တိုင်းဒေသကြီး၊ပြည်နယ်များ အားလုံးကို လွှမ်းခြုံလျက် ရွေးချယ်သတ်မှတ်ထားသော မြို့နယ် ပေါင်း (၁၂၁) မြို့နယ်သို့ အလျဉ်းသင့်သလို အဖွဲ့များမှ သွားရောက်လေ့လာခဲ့ပြီး မြို့နယ်စုစုပေါင်း၏ (၃၆.၆) ရာခိုင်နှုန်း၊ စာရင်းကောက်ကွက်ပေါင်း (၉၀၁) ကွက် (စာရင်းကောက်ကွက် စုစုပေါင်း၏ (၁.၁) ရာခိုင်နှုန်း) နှင့် တွေ့ဆုံမေးမြန်းမှုပေါင်း (၂၁၉၃) ခုတို့ကို ပြုလုပ်ခဲ့ပါသည်။ သန်းခေါင်စာရင်း ကောက်ယူပြီးခြိန်တွင် လေ့လာရေးအဖွဲ့မှ သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် တွေ့ကြုံခဲ့ရမှု များအား အသေးစိတ်ဖော်ပြပါရှိသည့် အစီရင်ခံစာတစ်ရပ်ကို ပြုစုခဲ့ပါသည်။

၁.၃ အဓိကအခက်အခဲများ

၁.၃.၁ ဒေသအချို့တွင် စာရင်းမကောက်ယူနိုင်ခဲ့ခြင်း

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အချို့ဒေသများနှင့် ကချင်ပြည်နယ်ရှိ အချို့ဒေသများအား စာရင်း မကောက်ယူနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ကရင်ပြည်နယ်၊ ဖါပွန်မြို့နယ်ရှိ ကျေးရွာအချို့တွင် အိမ်ထောင်စုနှင့် ကျား/မ လူဦးရေ အရေအတွက်စုစုပေါင်းကိုသာ ရရှိခဲ့ပြီး သန်းခေါင်စာရင်း မေးခွန်းပုံစံများဖြင့် စာရင်းမကောက်ယူနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ရခိုင်ပြည်နယ်တွင် နိုင်ငံတော်အစိုးရမှ အသိအမှတ်မပြုသည့် 'ရိုဟင်ဂျာ' လူမျိုးဟု ဖြေဆိုခွင့် မရသဖြင့် စာရင်းအကောက်မခံသည့်အတွက် ဒေသအချို့တွင် စာရင်းမကောက်ယူနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဒေသခံလူထုအကြား တင်းမာမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှု များအား ရှောင်ရှားနိုင်ရန် လုံခြုံရေးလိုအပ်ချက်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် အစိုးရနှင့် KIA လက်နက်ကိုင်အဖွဲ့အစည်းအကြား စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ထားသော်လည်း KIA မှ ၎င်းတို့လှုပ်ရှားရာနယ်မြေအတွင်း စာရင်းကောက်များဝင်ရောက် စာရင်းကောကယူရန် ခွင့်မပြုခဲ့သဖြင့် ကချင်ပြည်နယ်တွင် ကျေးရွာအုပ်စု (၂၅) စုခန့် (ကျေးရွာ ပေါင်း ၉၇ ရွာ) ကို စာရင်းမကောက်ယူနိုင်ခဲ့ပါ။

KNU တပ်မတော (၅) ဌာနချုပ်တည်ရှိရာ နယ်မြေဖြစ်သည့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ ကျေးရွာအချို့တွင် မေးခွန်းပုံစံဖြင့် စာရင်းကောက်ယူခွင့်မရဘဲ ကျေးရွာအုပ်စုတစ်ခုချင်းစီ၏ အိမ်ထောင်စု အရေအတွက်၊ ကျား/မ လူဦးရေစာရင်းများကိုသာ KNU မှ ပြုစုပေးပို့ခဲ့ပါသည်။

၁.၃.၂ ထိရှလွယ်သည့် မေးခွန်းများ

ထိရှလွယ်သော မေးခွန်းများ၊ အထူးသဖြင့် လူမျိုးနှင့်လူမျိုးစု (၁၃၅) စုအား ဂဏန်းသင်္ကေတ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ လူထုအကြား ဝေဖန်မှုများပေါ်ထွက်ခဲ့ပါသည်။ သို့သော် ပြည်ထောင်စု ဝန်ကြီးမှ နိုင်ငံအနှံ့ ချပြရှင်းလင်းခြင်း၊ လူမျိုးစုခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံ ရှင်းလင်းမှုများ ပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ပြည်သူလူထုသည် လူမျိုးမေးခွန်း၏ အရေးပါမှုကို သဘောပေါက်နားလည်ခဲ့ပါသည်။ ဆက်သွယ်ရေး သတင်းမီဒီယာမျိုးစုံကို အသုံးပြုခြင်းသည်လည်း လူမျိုးမေးခွန်း၏ အရေးပါမှုနှင့် အသုံးဝင်မှုကို ပြည်သူလူထုမှ ပိုမိုသိရှိ နားလည်သဘောပေါက် လာခဲ့ကြောင်း တွေ့ရှိရပါသည်။

အခန်း(၂)

ရှေ့ပြေးလူဦးရေစာရင်း

၂.၁ လူဦးရေအရွယ်အစား

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ရရှိသော ရှေ့ပြေးလူဦးရေစာရင်းအရ ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ညတွင် မြန်မာနိုင်ငံအတွင်း၌ရှိနေသူ ဦးရေမှာ (၅၁,၄၁၉,၄၂၀) ဦးဖြစ်ပါသည်။ အဆိုပါလူဦးရေတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် စာရင်းမကောက်ယူနိုင်သည့် ဒေသအချို့၏ ခန့်မှန်းလူဦးရေကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ ဇယား(၁)တွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူဦးရေကို ကျား/မ အလိုက်ဖော်ပြထားပါသည်။

ဇယား(၁)တွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေပါဝင်မှု အချိုးအစားကိုလည်း ဖော်ပြထားပါသည်။ လူဦးရေအချိုးအစားအများဆုံး တိုင်းဒေသကြီး/ပြည်နယ်များမှာ ရန်ကုန် (၁၄.၃ ရာခိုင်နှုန်း)၊ ဧရာဝတီ (၁၂.၀ ရာခိုင်နှုန်း) နှင့် မန္တလေး (၁၁.၉၅ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။ ယင်းတိုင်းဒေသကြီး(၃)ခု၏ စုစုပေါင်းလူဦးရေမှာ နိုင်ငံလူဦးရေ၏ (၃၈.၃) ရာခိုင်နှုန်းခန့်ရှိပါသည်။ လူဦးရေအနည်းဆုံးဒေသများမှာ ကယား (၀.၅၆ ရာခိုင်နှုန်း)၊ ချင်း (၀.၉၃ ရာခိုင်နှုန်း) နှင့် နေပြည်တော် (၂.၂၅ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။ ၎င်းတို့စုစုပေါင်းမှာ နိုင်ငံ့ လူဦးရေစုစုပေါင်း၏ (၃.၇) ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏လူဦးရေသည် ၁၈၇၂ ခုနှစ်သန်းခေါင်စာရင်းအရ (၂.၇) သန်းသာရှိခဲ့ပြီး တဖြည်းဖြည်းတိုးပွားလာသည်ကို တွေ့ရှိရပါသည်။ ၁၉၀၁ ခုနှစ်တွင် (၁၀.၅) သန်း၊ ၁၉၂၁ ခုနှစ်တွင် (၁၃.၂) သန်း၊ ၁၉၇၃ ခုနှစ်တွင် (၂၈.၉) သန်း၊ ၁၉၈၃ ခုနှစ်တွင် (၃၅.၃) သန်းအထိ တိုးမြင့်လာပြီး ၂၀၁၄ ခုနှစ်တွင် (၅၁.၄) သန်း ဖြစ်လာပါသည်။ လူဦးရေတိုးပွားလာပုံကို ပုံ (၂)တွင် ဖော်ပြထားပါသည်။ ဆယ်စုနှစ်များစွာတွင် လူဦးရေအရွယ်အစား တည်ငြိမ်စွာ တိုးတက်လာခြင်းသည် စီးပွားရေး ကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ဖန်တီးပေးရေးနှင့် အိမ်ရာကဏ္ဍများအတွက် မူဝါဒများ ချမှတ်ရာတွင် အလွန်အရေးပါပါသည်။

ဇယား(၁)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မ အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု[၁]

တိုင်းဒေသကြီး/ ပြည်နယ်	စုစုပေါင်း လူဦးရေ	ကျား	မ	လူဦးရေ အချိုး
ပြည်ထောင်စု	၅၁,၄၁၉,၄၂၀	၂၄,၈၂၁,၁၇၆	၂၆,၅၉၈,၂၄၄	၁၀၀
ပြည်ထောင်စု(စာရင်းကောက်ယူရရှိသော လူဦးရေ)	၅၀,၂၁၃,၀၆၇	၂၄,၂၂၅,၃၀၄	၂၅,၉၈၇,၇၆၃	
ပြည်ထောင်စု (မကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေ)	၁,၂၀၆,၃၅၃	၅၉၅,၈၇၂	၆၁၀,၄၈၁	
ကချင်	*၁,၆၈၉,၆၅၄*	*၈၇၇,၆၆၄*	*၈၁၁,၉၉၀*	*၃.၂၉*
ကချင်(စာရင်းကောက်ယူရရှိသော လူဦးရေ)	၁,၆၄၃,၀၅၄	၈၅၄,၆၃၃	၇၈၈,၄၂၁	
ကချင်(စာရင်းမကောက်ယူနိုင်သည့် လူဦးရေ)	၄၆,၆၀၀	၂၃,၀၃၁	၂၃,၅၆၉	
ကယား	၂၈၆,၇၃၈	၁၄၃,၄၆၁	၁၄၃,၂၇၇	၀.၅၆
ကရင်	*၁,၅၇၂,၆၅၇*	*၇၇၅,၃၇၅*	*၇၉၇,၂၈၂*	*၃.၀၆*
ကရင်(စာရင်းကောက်ယူရရှိသော လူဦးရေ)	၁,၅၀၂,၉၀၄	၇၃၉,၂၃၄	၇၆၃,၆၇၀	
ကရင်(စာရင်းမကောက်ယူနိုင်သည့် လူဦးရေ)	၆၉,၇၅၃	၃၆,၁၄၁	၃၃,၆၁၂	
ချင်း	၄၇၈,၆၉၀	၂၃၀,၀၀၅	၂၄၈,၆၈၅	၀.၉၃
စစ်ကိုင်း	၅,၃၂၀,၂၉၉	၂,၅၁၈,၁၅၅	၂,၈၀၂,၁၄၄	၁၀.၃၅
တနင်္သာရီ	၁,၄၀၆,၄၃၄	၇၀၀,၄၀၃	၇၀၆,၀၃၁	၂.၇၄
ပဲခူး	၄,၈၆၃,၄၅၅	၂,၃၂၄,၂၁၄	၂,၅၃၉,၂၄၁	၉.၄၆
မကွေး	၃,၉၁၂,၇၁၀	၁,၈၁၄,၉၉၃	၂,၀၉၇,၇၁၈	၇.၆၀
မန္တလေး	၆,၁၄၅,၅၈၈	၂,၉၁၉,၇၂၅	၃,၂၂၅,၈၆၃	၁၁.၉၅
မွန်	၂,၀၅၀,၂၈၂	၉၈၆,၄၅၄	၁,၀၆၃,၈၂၈	၃.၉၉
ရခိုင်	*၃,၁၈၈,၉၆၃*	*၁,၅၂၉,၆၀၆*	*၁,၆၅၉,၃၅၇*	*၆.၂*
ရခိုင်(စာရင်းကောက်ယူရရှိသော လူဦးရေ)	၂,၀၉၈,၉၆၃	၉၉၂,၉၀၆	၁,၁၀၆,၀၅၇	
ရခိုင် (စာရင်းမကောက်ယူနိုင်သည့် လူဦးရေ)	၁,၀၉၀,၀၀၀	၅၃၆,၇၀၀	၅၅၃,၃၀၀	
ရန်ကုန်	၇,၃၅၅,၀၇၅	၃,၅၁၇,၄၈၆	၃,၈၃၇,၅၈၉	၁၄.၃
ရှမ်း	၅,၈၁၅,၃၈၄	၂,၉၀၈,၂၅၉	၂,၉၀၇,၁၂၅	၁၁.၃၁
ဧရာဝတီ	၆,၁၇၅,၁၂၃	၃,၀၁၀,၁၉၅	၃,၁၆၄,၉၂၈	၁၂.၀၁
နေပြည်တော်[၂]	၁,၁၅၈,၃၆၇	၅၆၅,၁၈၁	၅၉၃,၁၈၆	၂.၂၅

[၁] ၁။ အပြာရောင်ဖြင့် ပြထားသည့် ကိန်းဂဏန်းများသည် သန်းခေါင်စာရင်း မကောက်ယူနိုင်သည့် လူဦးရေ ဖြစ်ပါသည်။ စာလုံးအစောင်းဖြင့် ပြထားသည့် ကိန်းဂဏန်းများသည် ကောက်ယူရရှိသော လူဦးရေနှင့် မကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေကို ပေါင်းထားခြင်း ဖြစ်ပါသည်။

၂။ အထက်ပါဇယားတွင် **ဖော်**ပြထားသည့် လူဦးရေသည် နိုင်ငံခြားရှိ မြန်မာနိုင်ငံသံရုံးများတွင် တာဝန်ထမ်းဆောင်နေသူများနှင့် မိသားစုများမှလွဲ၍ နိုင်ငံခြားသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ပါဝင်ခြင်းမရှိပါ။

[၂] ပြည်ပရှိ မြန်မာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသည့် မြန်မာဝန်ထမ်းများနှင့် မိသားစုများ ပါဝင်ပါသည်။

ပုံ(၂)- မြန်မာနိုင်ငံ၏ လူဦးရေအရွယ်အစား[၃] (၁၈၇၂ - ၂၀၁၄ သန်းခေါင်စာရင်း)



အစီရင်ခံစာတွင် ဆက်လက်ဖော်ပြမည့်အပိုင်းသည် သန်းခေါင်စာရင်းတွင် ကောက်ယူရရှိသည့်လူဦးရေကို အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ စာရင်းမကောက်ယူနိုင်ခဲ့သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေကို ပင်မသန်းခေါင်စာရင်းအစီရင်ခံစာ ထုတ်ပြန်သည့်အချိန်တွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။

၂.၂ ရွှေ့ပြောင်းခန့်မှန်းလူဦးရေစာရင်း

မြန်မာတစ်နိုင်ငံလုံးတွင် ကောက်ယူရရှိသည့် လူဦးရေစုစုပေါင်းမှာ (၅၀,၂၁၃,၀၆၇) ဖြစ်ပြီး ၎င်းတို့၏ အသေးစိတ်အချက်အလက်များကို စာရင်းဇယားပြုစုခြင်းလုပ်ငန်းများ ပြီးစီးချိန်တွင် ရရှိမည်ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျားဦးရေမှာ (၂၄,၂၂၅,၃၀၄) ဦး၊ မဦးရေမှာ (၂၅,၉၈၇,၇၆၃) ဦးဖြစ်၍ မဦးရေ ပိုများသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်း လူဦးရေတွင် မ ပါဝင်နှုန်းမှာ (၅၁.၈) ရာခိုင်နှုန်းဖြစ်၍ ကျား ပါဝင်နှုန်းမှာ (၄၈.၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ယူရရှိသည့် စုစုပေါင်း ကျား/မ လူဦးရေကို ဇယား (၂) တွင် ဖော်ပြထားပါသည်။

[၃] ပုံ(၂)တွင် အချက်အလက်မပါသော နှစ်များမှာ သန်းခေါင်စာရင်းမကောက်ယူခဲ့သည့်အတွက် ဖြစ်ပါသည်။

ဇယား(၂)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မ အလိုက် လူဦးရေပျံ့နှံ့မှု

တိုင်းဒေသကြီး/ပြည်နယ်	စုစုပေါင်း	ကျား	မ	ကျား/မ အချိုး
ပြည်ထောင်စု	၅၀,၂၁၃,၀၆၇	၂၄,၂၂၅,၃၀၄	၂၅,၉၈၇,၇၆၃	၉၃
ကချင်	၁,၆၄၃,၀၅၄	၈၅၄,၆၃၃	၇၈၈,၄၂၁	၁၀၈
ကယား	၂၈၆,၇၃၈	၁၄၃,၄၆၁	၁၄၃,၂၇၇	၁၀၀
ကရင်	၁,၅၀၂,၉၀၄	၇၃၉,၂၃၄	၇၆၃,၆၇၀	၉၇
ချင်း	၄၇၈,၆၉၀	၂၃၀,၀၀၅	၂၄၈,၆၈၅	၉၂
စစ်ကိုင်း	၅,၃၂၀,၂၉၉	၂,၅၁၈,၁၅၅	၂,၈၀၂,၁၄၄	၉၀
တနင်္သာရီ	၁,၄၀၆,၄၃၄	၇၀၀,၄၀၃	၇၀၆,၀၃၁	၉၉
ပဲခူး	၄,၈၆၃,၄၅၅	၂,၃၂၄,၂၁၄	၂,၅၃၉,၂၄၁	၉၂
မကွေး	၃,၉၁၂,၇၁၀	၁,၈၁၄,၉၉၃	၂,၀၉၇,၇၁၈	၈၇
မန္တလေး	၆,၁၄၅,၅၈၈	၂,၉၁၉,၇၂၅	၃,၂၂၅,၈၆၃	၉၁
မွန်	၂,၀၅၀,၂၈၂	၉၈၆,၄၅၄	၁,၀၆၃,၈၂၈	၉၃
ရခိုင်	၂,၀၉၈,၉၆၃	၉၉၂,၉၀၆	၁,၁၀၆,၀၅၇	၉၀
ရန်ကုန်	၇,၃၅၅,၀၇၅	၃,၅၁၇,၄၈၆	၃,၈၃၇,၅၈၉	၉၂
ရှမ်း	၅,၈၁၅,၃၈၄	၂,၉၀၈,၂၅၉	၂,၉၀၇,၁၂၅	၁၀၀
ဧရာဝတီ	၆,၁၇၅,၁၂၃	၃,၀၁၀,၁၉၅	၃,၁၆၄,၉၂၈	၉၅
နေပြည်တော်	၁,၁၅၈,၃၆၇	၅၆၅,၁၈၁	၅၉၃,၁၈၆	၉၅

မြန်မာနိုင်ငံ၏ ကျား/မ အချိုးမှာ ၉၃ (မ ၁၀၀ ဦးတွင် ကျား ၉၃ ဦး) ဖြစ်ကြောင်း ဇယား (၂) တွင် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံတွင် မဦးရေသည် ကျားဦးရေထက် ပိုများသည်ကို ပြသနေခြင်းဖြစ်ပါသည်။ ကချင်ပြည်နယ် တစ်ခုတွင်သာ ကျားဦးရေ ပိုများသည်ကို တွေ့ရပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ကျား/မ ဦးရေတူညီသည်ကို တွေ့ရမည်ဖြစ်ပါသည်။ (ပုံ -၂) ကျန်တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် မဦးရေသည် ကျားဦးရေထက် ပိုများသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ပုံ(၃)- တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မ လူဦးရေအချိုး



၂.၃ မြို့ပြ/ကျေးလက်၊ မြို့တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် မြို့ကြီးများ၏ လူဦးရေ

မြန်မာနိုင်ငံ၏ မြို့ပြဒေသများတွင် နေထိုင်သူ လူဦးရေစုစုပေါင်းမှာ (၁,၄၈၆,၁၁၉) ဦး ဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ (၂၉.၆) ရာခိုင်နှုန်းဖြစ်ပါသည်။ မြို့ပြလူဦးရေအများဆုံး တိုင်းဒေသကြီး/ပြည်နယ်များမှာ ရန်ကုန် (၇၀.၁ ရာခိုင်နှုန်း)နှင့် ကချင် (၃၅.၉ ရာခိုင်နှုန်း) ဖြစ်ပြီး အနည်းဆုံးမှာ ဧရာဝတီ (၁၄.၁ ရာခိုင်နှုန်း)နှင့် မကွေး (၁၅.၁ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။ (ဇယား - ၃, ပုံ - ၄)

ဇယား(၃)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့ပြ/ကျေးလက်အလိုက် ကျား/မ လူဦးရေပျံ့နှံ့မှု

တိုင်းဒေသကြီး/ ပြည်နယ်	စုစုပေါင်း			မြို့			ကျေးလက်		
	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ
ပြည်ထောင်စု	၅၀,၂၁၃,၀၆၇	၂၄,၂၂၅,၃၀၄	၂၅,၉၈၇,၇၆၃	၁၄,၈၆၄,၁၁၉	၇,၁၁၂,၁၀၅	၇,၇၅၂,၀၁၄	၃၅,၃၄၈,၉၄၈	၁၇,၁၁၃,၁၉၉	၁၈,၂၃၅,၃၄၉
ကချင်	၁,၆၄၃,၀၅၄	၈၅၄,၆၃၃	၇၈၈,၄၂၁	၅၉၀,၄၆၂	၂၉၆,၆၇၅	၂၉၃,၇၈၇	၁,၀၅၂,၅၉၂	၅၅၇,၉၅၈	၄၉၄,၆၃၄
ကယား	၂၈၆,၇၃၈	၁၄၃,၄၆၁	၁၄၃,၂၇၇	၇၂,၄၄၄	၃၅,၈၄၂	၃၆,၆၀၂	၂၀၄,၂၉၄	၁၀၇,၆၁၉	၁၀၆,၆၇၅
ကရင်	၁,၅၀၂,၉၀၄	၇၃၉,၂၃၄	၇၆၃,၆၇၀	၃၂၉,၁၂၇	၁၆၃,၂၆၆	၁၆၅,၈၆၁	၁,၁၇၃,၇၇၇	၅၅၅,၉၆၈	၅၉၇,၈၀၉
ချင်း	၄၇၈,၆၉၀	၂၃၀,၀၀၅	၂၄၈,၆၈၅	၉၉,၉၀၅	၄၇,၃၀၀	၅၂,၆၀၅	၃၈၂,၇၀၅	၁၈၆,၀၈၀	၁၉၆,၀၈၀
စစ်ကိုင်း	၅,၃၂၀,၂၉၉	၂,၅၁၈,၁၅၅	၂,၈၀၂,၁၄၄	၉၀၉,၄၇၈	၄၂၉,၆၅၄	၄၇၉,၈၂၄	၄,၄၁၀,၈၂၁	၂,၀၈၈,၅၀၁	၂,၃၂၂,၃၂၀
တနင်္သာရီ	၁,၄၀၆,၄၃၄	၇၀၀,၄၀၃	၇၀၆,၀၃၁	၃၃၇,၅၁၃	၁၆၄,၆၄၂	၁၇၂,၈၇၁	၁,၀၆၈,၉၂၁	၅၃၅,၇၆၁	၅၃၃,၁၆၀
ပဲခူး	၄,၈၆၃,၄၅၅	၂,၃၂၄,၂၁၄	၂,၅၃၉,၂၄၁	၁,၀၇၀,၃၄၆	၅၀၀,၈၄၅	၅၆၉,၅၀၁	၃,၉၂၉,၁၀၉	၁,၈၂၃,၃၆၉	၁,၉၆၉,၇၄၀
မကွေး	၃,၉၁၂,၇၁၁	၁,၈၁၄,၉၉၃	၂,၀၉၇,၇၁၈	၅၉၁,၃၉၆	၂၇၂,၆၇၀	၃၁၈,၇၂၆	၃,၃၄၂,၃၁၅	၁,၅၄၂,၃၂၃	၁,၇၇၈,၉၉၂
မန္တလေး	၆,၁၄၅,၅၈၈	၂,၉၁၉,၇၂၅	၃,၂၂၅,၈၆၃	၂,၁၃၇,၀၂၅	၁,၀၂၈,၇၇၉	၁,၁၀၈,၂၄၆	၄,၀၀၈,၅၆၃	၁,၈၉၀,၉၄၆	၂,၁၁၇,၆၁၇
မွန်	၂,၀၅၀,၂၈၂	၉၈၆,၄၅၄	၁,၀၆၃,၈၂၈	၅၇၀,၄၃၂	၂၇၂,၉၉၉	၂၉၇,၄၃၃	၁,၄၇၉,၈၅၀	၇၁၃,၄၅၅	၇၆၆,၃၉၅
ရခိုင်	၂,၀၉၈,၉၆၃	၉၉၂,၉၀၆	၁,၁၀၆,၀၅၇	၃၅၄,၉၄၁	၁၆၇,၆၉၂	၁၈၇,၂၄၉	၁,၄၄၄,၀၂၂	၈၂၅,၂၁၄	၉၁၈,၈၀၈
ရန်ကုန်	၇,၃၅၅,၀၇၅	၃,၅၁၇,၄၈၆	၃,၈၃၇,၅၈၉	၅,၁၅၆,၆၄၆	၂,၄၄၁,၆၈၉	၂,၇၁၄,၉၅၇	၂,၁၉၈,၄၂၉	၁,၀၇၅,၇၉၇	၁,၁၂၂,၆၃၂
ရှမ်း	၅,၈၁၅,၃၈၄	၂,၉၀၈,၂၅၉	၂,၉၀၇,၁၂၅	၁,၃၉၄,၆၉၁	၆၉၂,၄၉၄	၇၀၂,၁၉၇	၄,၄၂၀,၆၉၃	၂,၂၁၅,၇၆၅	၂,၂၀၄,၉၂၈
ဧရာဝတီ	၆,၁၇၅,၁၂၃	၃,၀၁၀,၁၉၅	၃,၁၆၄,၉၂၈	၈၇၃,၀၄၆	၄၁၃,၁၈၁	၄၅၉,၈၆၅	၅,၃၀၂,၀၁၇	၂,၅၉၇,၀၁၄	၂,၇၀၅,၀၆၃
နေပြည်တော်	၁,၁၅၈,၃၆၇	၅၆၅,၁၈၁	၅၉၃,၁၈၆	၃၇၆,၆၆၇	၁၈၄,၃၇၇	၁၉၂,၂၉၀	၇၈၁,၇၀၀	၃၀၈,၈၀၄	၄၀၀,၈၉၆

ပုံ (၄) - တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့ပြလူဦးရေအချိုး



ရွှေပြေးလူဦးရေစာရင်းတွင် မြို့တော် (၃) ခု ဖြစ်သော နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့၏ လူဦးရေစာရင်းကို ဖော်ပြထားပါသည်။ မျှော်လင့်ထားသည့်အတိုင်း ရန်ကုန်မြို့တော် လူဦးရေမှာ အများဆုံးဖြစ်ပြီး (၅,၂၀၉,၅၄၁) ဦးရှိပါသည်။ ဒုတိယအများဆုံးမှာ မန္တလေး (၁,၂၂၅,၁၃၃) ဦးနှင့် နေပြည်တော် (၁,၁၅၈,၃၆၇) ဦးတို့ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ် မြို့ကြီးများအနက် လူဦးရေအနည်းဆုံးမှာ ဟားခါး (၄၈,၂၆၆) ဦး၊ ထားဝယ် (၁၂၅,၂၃၉) ဦးနှင့် လွိုင်ကော် (၁၂၈,၈၃၇) ဦးတို့ဖြစ်ပါသည်။ မြို့တော်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ မြို့ကြီးများရှိ လူဦးရေအရွယ်အစားနှင့် အိမ်ထောင်စုအရေအတွက်ကို ဇယား (၄) တွင် ဖော်ပြထားပါသည်။

ဇယား(၄)။ မြို့တော်များနှင့် တိုင်းဒေသကြီး/ပြည်နယ် မြို့ကြီးများ၏အိမ်ထောင်စုနှင့် လူဦးရေ

မြို့တော်/မြို့ကြီး	အိမ်ထောင်စု	လူဦးရေ	ကျား	မ
ရန်ကုန်	၁,၀၉၃,၂၀၀	၅,၂၀၉,၅၄၁	၂,၄၆၈,၇၂၅	၂,၇၄၀,၈၁၆
မန္တလေး	၂၂၇,၅၄၄	၁,၂၂၅,၁၃၃	၅၉၇,၇၄၇	၆၂၇,၃၈၆
နေပြည်တော်	၂၆၆,၆၄၀	၁,၁၅၈,၃၆၇	၅၆၅,၁၈၁	၅၉၃,၁၈၆
ပဲခူး	၁၀၈,၄၃၁	၄၉၁,၁၃၀	၂၃၅,၆၁၂	၂၅၅,၅၁၈
ဘားအံ	၉၀,၅၁၅	၄၂၁,၄၁၅	၂၀၃,၉၃၃	၂၁၇,၄၈၂
တောင်ကြီး	၈၃,၅၄၂	၃၈၀,၆၆၅	၁၈၅,၆၉၄	၁၉၄,၉၇၁
မုံရွာ	၇၇,၀၂၀	၃၇၁,၉၆၃	၁၇၂,၃၀၃	၁၉၉,၆၆၀
မြစ်ကြီးနား	၅၁,၈၁၁	၃၀၅,၃၄၇	၁၄၇,၇၁၁	၁၅၇,၆၃၆
မကွေး	၆၉,၇၇၅	၂၈၈,၈၈၃	၁၃၄,၉၅၇	၁၅၃,၉၂၆
မော်လမြိုင်	၅၈,၃၈၁	၂၈၈,၁၂၀	၁၃၈,၆၂၅	၁၄၉,၄၉၅
ပုသိမ်	၆၆,၉၆၀	၂၈၆,၆၈၄	၁၃၇,၇၂၃	၁၄၈,၉၆၁
စစ်တွေ	၂၉,၇၈၃	၁၄၉,၃၄၈	၇၁,၆၂၈	၇၇,၇၂၀
လွိုင်ကော်	၂၆,၇၈၂	၁၂၈,၈၃၇	၆၃,၄၀၄	၆၅,၄၃၃
ထားဝယ်	၂၅,၅၄၀	၁၂၅,၂၃၉	၅၉,၉၄၁	၆၅,၂၉၈
ဟားခါး	၁၀,၀၃၃	၄၈,၂၆၆	၂၃,၀၀၇	၂၅,၂၅၉

မှတ်ချက် - မြို့တော်/မြို့ကြီးများ၏ စည်ပင်သာယာနယ်နိမိတ်တွင် ပါဝင်သော မြို့နယ်များ၏ လူဦးရေပါဝင်သည်။

၂.၄ လူဦးရေသိပ်သည်းဆ

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်းကီလိုမီတာတွင် (၇၆)ဦး ဖြစ်ပါသည်။ ဇယား(၁) ပါလူဦးရေကို အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။ လူဦးရေအထူထပ်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီး (၇၂၃) ဦးနှင့် မန္တလေးတိုင်းဒေသကြီး (၂၀၆) ဦးတို့ဖြစ်ပါသည်။ လူဦးရေ အကျဲပါးဆုံးဒေသမှာ ချင်းပြည်နယ် (၁၃) ဦးနှင့် ကချင်ပြည်နယ် (၁၉) ဦးတို့ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လူဦးရေအရေအတွက် တိုးပွားလာသောကြောင့် လူဦးရေသိပ်သည်းဆမှာလည်း နိုင်ငံတစ်ဝန်းလုံးတွင် တိုးမြင့်လာပါသည်။ အထူးသဖြင့် မြို့ပြဒေသများတွင် သိပ်သည်းဆ ပိုမိုများပြားလာသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာမြို့တော်ဖြစ်သော ရန်ကုန်မြို့သည်

လူဦးရေသိပ်သည်းဆ အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ပုံ (၅) တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေသိပ်သည်းဆကို ဖော်ပြထားပါသည်။

ပုံ (၅) - လူဦးရေသိပ်သည်းဆကိုဖော်ပြသည့်မြေပုံ



၂.၅ အိမ်ထောင်စု အရေအတွက်နှင့် အရွယ်အစား

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းတွင် ကောက်ယူရရှိခဲ့သည့် အိမ်ထောင်စုအရေအတွက် စုစုပေါင်းမှာ (၁၀,၈၈၉,၃၄၈)စုဖြစ်ပါသည်။ လူဦးရေအရွယ်အစားကဲ့သို့ပင် ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ထောင်စုအရေအတွက် အများဆုံးဖြစ်၍ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အိမ်ထောင်စုအရေအတွက် အနည်းဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ သမားရိုးကျ အိမ်ထောင်စုပုံစံဖြင့် နေထိုင်သည့် လူဦးရေ အရေအတွက်မှာ (၄၇,၈၄၈,၈၂၁) ဦးဖြစ်ပြီး စုစုပေါင်း လူဦးရေ၏ (၉၅.၂) ရာခိုင်နှုန်းရှိပါသည်။ ကျန် (၂,၃၆၄,၂၄၆) ဦးမှာ အဖွဲ့အစည်းပုံစံဖြင့် နေထိုင်သူများဖြစ်ပါသည်။ အုပ်ချုပ်မှုဒေသအလိုက် အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေကို ဇယား (၆) (နောက်ဆက်တွဲ) တွင် ဖော်ပြထားပါသည်။

ရွေ့ပြောင်းလူဦးရေစာရင်းအရ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားမှာ(၄.၄) ဖြစ်ပြီး ပုံ(၆)တွင် ဖော်ပြထားပါသည်။ အိမ်ထောင်စုအရွယ်အစား အကြီးဆုံးပြည်နယ်နှစ်ခုမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ် တို့ဖြစ်ပြီး (၅.၁) ရှိပါသည်။ အိမ်ထောင်စု အရွယ်အစားအသေးဆုံးကို နေပြည်တော်၊ မကွေး၊ ပဲခူးနှင့်ဧရာဝတီတို့တွင်တွေ့ရပြီး (၄.၁) ရှိပါသည်။ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားသည် မြို့ပြနှင့် ကျေးလက်ကြားတွင် သိသာစွာ ကွာဟမှုမရှိကြောင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် မြို့ပြလူဦးရေ အချို့းအစားများပြားသော ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ထောင်စုအရွယ်အစား သေးနိုင်သည်ဟု မျှော်လင့်ရသော်လည်း အိမ်ထောင်စု အရွယ်အစား (၄.၄) ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး၏ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားနှင့် တူညီသည်ကို တွေ့ရှိရပါသည်။

ပုံ (၆)- တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား



၂.၆ စာရင်းမကောက်ယူနိုင်ခဲ့သည့် လူဦးရေကို ခန့်မှန်းခြင်း

၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းသည် တစ်နိုင်ငံလုံးကို လွှမ်းခြုံမှုရှိ/မရှိ သေချာစေရန်နှင့် ရရှိလာသော ရလဒ်သည် နိုင်ငံလူဦးရေကို ထင်ဟပ်ပေါ်လွင်စေရန် စာရင်းကောက်ကွက်တစ်ခုချင်းအလိုက် အသေးစိတ်ဆန်းစစ်ခြင်းကို ပြည်သူ့အင်အားဦးစီးဌာနရုံးချုပ်တွင် ပြုလုပ်ခဲ့ပါသည်။ ဆန်းစစ်ချက်အရ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ် ဒေသအချို့တွင် တစ်ချို့တစ်ဝက်သာ စာရင်းကောက်ယူနိုင်ခြင်း၊ လုံးဝစာရင်းမကောက်ယူနိုင်ခဲ့ခြင်းများရှိကြောင်း တွေ့ရှိခဲ့ပါသည်။ အဆိုပါဒေသများတွင် လုံးဝမကောက်ယူနိုင်မှု (သို့မဟုတ်) တစ်ချို့တစ်ဝက်မကောက်ယူနိုင်မှုနှင့် ပတ်သက်၍ အပိုင်း ၁.၃.၁ တွင် ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။ ဤအပိုင်းတွင် စာရင်းမကောက်ယူနိုင်ခဲ့သော အဆိုပါနေရာသုံးနေရာတွင် ကျန်ရှိခဲ့သော လူဦးရေအတွက် မည်သို့ခန့်မှန်းသည်ကို ရှင်းလင်းထားပါသည်။ အသေးစိတ်အကြောင်းအရာများ ဆန်းစစ်

လေ့လာခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အချောသတ်စာရင်းများ ရရှိလာချိန်တွင် အချက်အလက်အသုံးပြုသူများကို မျှဝေသွားမည်ဖြစ်ပါသည်။

၂.၆.၁ ရခိုင်ပြည်နယ်

